# မာတိကာ

၁။ ပန်းလှိုင်ဆရာတော်ဘုရားကြီး ၅
၂။ သူငယ်တော်တောရဆရာတော်ဘုရားကြီး ၄၁
၃။ အောင်ခဲ့စဉ်ဆရာတော်ကြီး ၆၅
၄။ မုန်ကင်းဆရာတော်ဘုရားကြီး ၉၉
၅။ ငှက်တွင်းဆရာတော်ဘုရားကြီး ၁၁၇
၆။ ပထမဂျုံးဂျုံးကျတောရ ဆရာတော်ဘုရားကြီး ၁၄၅
၇။ ပစ္ဆိမာရုံဆရာတော်ဘုရားကြီး ၁၆၉
၈။ ပိုက်ကျုံးဆရာတော်ဘုရားကြီး ၁၉၅
၉။ ပခုက္ကူဆရာတော်ဘုရားကြီး ၂၄၁

## ကျေးဇူးတော်ရှင် ပန်းလှသွားဆရာတော်ဘုရားကြီး၏
## ထေရုပ္ပတ္တိအကျဉ်း(၁၁၀၀ – )

ဝမ်းမီးကောင်းသူတွေဟာ စားသမျှအစားအစာတွေ အဆီအသား ဖြစ်လွယ်သလို တရားဓာတ်ခံရှိသူတွေဟာ အကြောင်းတစ်ခု တိုက်ဆိုင် ကြုံတွေ့လာပြီဆိုရင် သတိသံဝေဂ ရလွယ်ကြပါသတဲ့။

ဟော အခုလည်း အသက် ၁၉ နှစ်သာသာ နွားကျောင်းသားလေး တစ်ယောက်ကို ဒီသတိသံဝေဂတရားက အမြင့်ဆုံး လွတ်မြောက်ရာဘဝကို တွန်းပို့လိုက်ပြီလေ။ ဖြစ်ချင်တော့ ရှင်လူထွက် မောင်ငွေဆိုင်ဟာ သူငယ်ချင်း တစ်ယောက်နဲ့ အညာတောရွာဓလေ့အတိုင်း နွားကျောင်းသွားရင်း မှိုရှာလိုက်တာ ခပ်လှမ်းလှမ်းက ဖွေးဖွေးလှုပ်အောင် အစုလိုက် အပြုံလိုက် ပေါက်နေတဲ့ မှိုတွေကို မြင်ကြတယ်ဆိုရင်ပဲ လိုချင်ဇောနဲ့ သူ့ထက်ငါ အပြေးအလွှား ချုံထဲဝင်နုတ်ဖို့ ကြံရွယ်တုန်း နဘူးနွယ်နဲ့ ခြေသလုံးငြိတဲ့ပြီး ရှေ့အားလွန်ကာ ခွေနေတဲ့ မြွေအပုံလိုက်ကြီးပေါ်မှောက်လျက် ထောက်လဲလိုက်တာ မြွေကြီးမှန်းလည်း သိရော ထိတ်ထိတ်ပျာပျာနဲ့ “အမယ်လေး မြွေကြီးဟာ”လို့ အလန့်တကြားအော်ပြီး ဖနောင့်နဲ့ တင်ပါး တစ်သားတည်း ကျအောင် ထပြေးပါတော့တယ်။

မြွေက မြွေသူတော်ကောင်းဆိုတော့ မကိုက်ပါဘူး။ ဒါပေမဲ့ ‘သဗ္ဗေ ဘာယန္တိ မစ္စုနော’ ဆိုတဲ့အတိုင်း ပုထုဇဉ်သတ္တဝါတိုင်း သေရမှာတော့ ကြောက်တတ်ကြတယ်လေ။ ယခုလို သေဘေးနီးတဲ့ မောင်ငွေဆိုင် တစ်ယောက် လူ့ဘဝ



ရဲ့ ရှုပ်ထွေးပုံ၊ သေဘေးနီးပုံ၊ ဆင်းရဲဒုက္ခများပုံတွေကို အလေးအနက် ဆင်ခြင်စဉ်းစားမိပြီး တသီတတန်းကြီး ဆန့်တွေးပါတော့တယ်။

သြော်–ငါ ဒီလူ့ဘဝအတိုင်း ဆက်နေသွားရင် အိမ်ထောင်ရက်သား ကျဦးမယ်၊ သားကျွေးမှု မယားကျွေးမှုအတွက် မြွေမကြောက် ကင်းမကြောက် လယ်သမားဘဝနဲ့ ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်ကျွေးရဦးမယ်။ ဘေးအန္တရာယ်တွေကလည်း များပါဘိသနဲ့။ ဒါ့ထက်လည်း ဆင်းရဲဦးမယ်။ အနှောင်အဖွဲ့ သံယောဇဉ်ကြိုးတွေ ရှည်သထက်ရှည် ငြိသထက်ငြိတွယ်ပြီး သံသရာဝဋ်ဘုံမှာ တရစပ် လည်ရဦးမယ်လို့ စဉ်းစား ဆင်ခြင်ရာက သတိသံဝေဂရပြီး ရှင်ဂုဏဝန္တဆိုတဲ့ ဘွဲ့တော်ကို ခံယူကာ သာသနာ့ဘောင်ကို ရောက်လာပါတော့တယ်။

သူငယ်ချင်းနှစ်ယောက် တောထဲတောင်ထဲ နွားကျောင်း မှိုနုတ်သွားကြတုန်းက အတူတူ၊ အခုတော့ဖြင့် သတိသံဝေဂတရား ခြားနားပေးလိုက်တာ အရှေ့နဲ့အနောက် တောင်နဲ့မြောက် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြီး မောင်ငွေဆိုင်တစ်ယောက် မှောင်ရာက လင်း၊ လင်းရာက ထိန်သွားခဲ့ပြီ။

လောကအတွက်ရော သံသရာအတွက်ရော အသိဉာဏ်လေး ဦးစီးခေါင်းဆောင်ပြီး ဒီအသိဉာဏ်လေးကို အရင်းပြု စီးပွားရှာမယ်ဆိုရင် မကောင်းပေဘူးလား။ အသိဉာဏ် ရှေ့တန်းတင်တဲ့ဘဝကို အသိတရားနဲ့ရင်းပြီး သံဝေဂကောင်းစွာယူတတ်တဲ့ မောင်ငွေဆိုင်ဘဝမှ ဦးဂုဏဝန္တဘဝ ကူးပြောင်းခဲ့တဲ့ ဦးပဉ္စင်းလေးဟာ နောင်တစ်ချိန်မှာ ပန်းလှသွားဆရာတော်ရယ်လို့ အမည်တွင်တော်မူပါတယ်။

ဆရာတော်လောင်းလျာကို သက္ကရာဇ် ၁၁၀၀ ပြည့်နှစ်က ပန်းလှသွားရွာမှာ မွေးဖွားတာဖြစ်လို့ ချက်မြှုပ်ဇာတိရွာကို အစွဲပြုပြီး တွင်တာပါ။ ပန်းလှသွားရွာဆိုတာ စလင်းမြို့တောင်ဘက် လယ်ကိုင်းမြို့ဟောင်းနယ်ထဲကပေါ့။ ငယ်မည်က မောင်ငွေဆိုင်ပါ။ ရွာဦးကျောင်းမှာ သာမဏေဝတ်ရာက လူထွက် မိဘများနဲ့ လယ်ယာလုပ်ကိုင်စားသောက်ရင်း မှိုရှာရာမှ မြွေပုံကြီးပေါ်ကျရာကနေ သံဝေဂရပြီး နောက်တစ်ခါ သင်္ကန်းပြန်ဆီး ရဟန်းခံပြီးတော့ ပန်းလှသွားရွာကနေ စလင်းမြို့ လက်ာတောကျောင်းတိုက်မှာနေရင်း စာသင်ပါတော့တယ်။

လက်ာတောကျောင်းတိုက်ဆိုတာ စလင်းမြို့ရဲ့မြောက်ဘက် မြင်တင်ရပ်ကွက်ထဲမှာ တည်ရှိပါတယ်။ ဒီကျောင်းတိုက်ကြီးကို ဦးစီးနာယကအဖြစ်နဲ့ စီမံ

ဆောင်ရွက်စာချနေတဲ့ အရှင်မြတ် ဆုံတား သာသနာပိုင်ဆရာတော် ဦးနန္ဒမာလာ ထံမှာ စာတက်ပါတယ်။

အသက် ၂၀ ထဲဝင်မှ သာသနာ့ဘောင် ထပ်ရောက်ပြန်တဲ့ ဦးဂုဏဝန္တဟာ ပရိယတ္တိ တတ်မြောက်ကျွမ်းကျင်မှ သာသနာပြုနိုင်မယ်လို့ ခံယူထားသူပီပီ ခံယူချက် အပြည့်အဝ ရှိသူပီပီ သူမတူအောင် စာပေကို အလွန်ကြိုးစားသူပါ။ လူ့ဘောင်လောကမှာ ပစ္စည်းဥစ္စာမရှိရင် အလွန်မျက်နှာငယ်ရသလို ရဟန်းဘောင်မှာ စာမတတ်ရင်လည်း သိပ်မျက်နှာငယ်ရတယ်မဟုတ်လား။ ဒါကြောင့် မောင်းထောင်ဆရာတော်က လူဖြစ်ရင်လည်း လူမှုရေးမကင်းနဲ့၊ ဘုန်းကြီးဖြစ်ရင်လည်း စာကျက်မပျင်းနဲ့လို့ ဆုံးမတာပါ။

ဦးဂုဏဝန္တ စာကျက်ပုံကလည်း ကြည့်ပါဦး။ စာတစ်ကြောင်းကို မှတ်မိအောင် ဘယ်တော့မှမမေ့အောင် အကြာကြီး ထပ်ကာထပ်ကာ အော်ကျက်သတဲ့လေ။ စာကျက်သံကို နေ့စဉ် ကြားရဖန်များတဲ့ ကျောင်းဝင်း အတွင်းက ထန်းတက်သမားတစ်ဦးဆိုရင် အလွတ်တောင်ရနေဆိုပဲ။ ‘ဦးဇင်း ဉာဏ်ထိုင်းလို့ စာတစ်ကြောင်းကို ထပ်ပြန်တလဲလဲ ကျက်နေရတာလား၊ ဦးဇင်းကျက်တဲ့စာ တပည့်တော်တောင် အလွတ်ရနေပါပြီဘုရား’ လို့ ပြောခံရတဲ့အထိပေါ့။ ဒါပေမဲ့ တစ်လလောက်ရှိတော့ ထန်းသမားကို စာရသေးလားလို့ မေးတဲ့အခါ စကားပြန်တောင် မရတော့ပါဘူးတဲ့။

ဦးဂုဏဝန္တ စာကျက်ပုံကဖြင့် ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါး ဆိုသလိုပါ။ ဟုတ်တယ်လေ၊ စာကျက်ရင် မမေ့ဖို့က အဓိကမဟုတ်လား။ ကျက်ပြီး မေ့ပစ်လို့ကတော့ စာမေးပွဲကို ဘာနဲ့ဖြေလို့ ဘယ့်နှယ် အောင်မလဲ။ စာကျက်ပြီး မေ့ပစ်ရင် မကျက်တဲ့လူနဲ့ ဘာထူးသေးလဲ။ ဘုန်းကြီး စာမေးပွဲတွေမှာက အာဂုံမရလို့က ဖြင့် စာမေးပွဲဖြေလို့ကို မဖြစ်ပါဘူး။

မကွေးမြို့ မဟာရတနာရာမစာသင်တိုက်မှာ ကိုရင်တစ်ပါးဆိုရင် သဒ္ဒါ စာဝါနာမ် အပိုင်းကို စာပြန်တော့ “သိ ” ဆိုတဲ့ တစ်လုံးတည်းပါတဲ့ သုတ်စဉ်ပါဠိ ကို ပြန်သွားတာကိုတောင် တိုက်အုပ်ဆရာတော်က အပြစ် မမြင်ဘဲ ပြုံးနေတာ မြင်ဖူးရဲ့။ ရှေ့စာခေါ်တဲ့ ကျက်စာမရတာဟာ သိပ်ပြီး ကိစ္စမရှိသေးဘူး။ အဲ ညစဉ်ပြန်ဆိုရတဲ့ နောက်စာ မရလို့ကတော့ ကြီးလေးတဲ့ အပြစ်ပေးခြင်းကို ခံရပြီသာမှတ်။ နောက်စာကိုတော့ မဖြစ်မနေ ကြိုးစားအားထုတ်စေပါတယ်။



ဒီအလေ့အထကြောင့် မကွေးမြို့ မဟာရတနာရာမစာသင်တိုက်ကနေ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပခုက္ကူ ပြည်စတဲ့ စာသင်တိုက်ကြီးတွေဆီ ပြောင်းရွှေ့စာသင်ပြီ ဆိုရင် တယ် မငြင်းကြပါဘူး။ လွယ်လွယ်ကူကူ လက်ခံကြတာ များပါတယ်။

ဦးဂုဏဝန္တဟာ လက်တောကျောင်းတိုက်ကနေ စလင်းမြို့ အရှေ့တောင်ထောင့် မြောင်ဦးကျောင်းမှာ ပြောင်းရွှေ့သီတင်းသုံး စာချတော့လည်း စာသင်သား သံဃာများကို သူငယ်စဉ်တုန်းက လက်တွေ့ကျင့်သုံးခဲ့တဲ့ စာသင်စာကျက်နည်းအတိုင်း “စာတက် နည်းစေ၊ စာအံသဲစေ၊ စာပြန်မြဲစေ ” ဆိုတဲ့ စေသုံးလုံး ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး သင်ပေးပါတယ်။ စာတက်နည်းစေဆိုတာ စာကျက်စာတက်တဲ့အခါ မှတ်လွယ် ရလွယ်အောင်လို့ စာကြောင်းရေ ပုဒ်ရေ နည်းနည်းပဲ ကျက်စေ သင်စေပြီး စာကြောက်မသွားရအောင် အရလွယ်ကူအောင်ပါ။ စာအံသဲစေ ဆိုတာကတော့ စာကျက်တဲ့အခါ ဖွဲ့ရှိရှိနဲ့ စွဲစွဲမြဲမြဲ သဲသဲမဲမဲ မိုးသည်းသလို အဖန်ဖန်အထပ်ထပ် ကျက်စေတာပါ။ စာပြန်မြဲစေ ဆိုတာကတော့ ရပြီးသားစာတွေကို မမေ့ပျောက်ရအောင် ညစဉ်ညတိုင်း မပျင်းမရိ အခေါက်ခေါက်အခါခါ လှံ့လစိုက်ကာ အမြဲတမ်း ပြန်ဆိုစေတာပါ။

ဦးဂုဏဝန္တရဲ့ စာသင်နည်းကဖြင့် လက်တွေ့လည်းကျ နည်းနာ နိဿယကလည်း ကောင်း၊ လုပ်ကြည့်တော့လည်း အောင်မြင်ဆိုတော့ ဒီနေ့ထိအောင် အတုယူကြ ကျင့်သုံးကြနဲ့ ပြောစမှတ်ပြုတုန်း ရေပန်းစားတုန်းပေါ့။ အတတ်ပညာကို လိုချင်လွန်းအားကြီးက ရှေ့လောတကြီး သင်ချင် တတ်ချင်လွန်းရင် ရေက နည်းနည်း ဆန်က များများနဲ့ ချက်ထားတဲ့ ထမင်းအိုးလို မနူးမနပ် ဖြစ်တတ်ပြီး အစားအသောက်ကို အတိုင်းထက် အလွန်စားမိလို့ အစာမကျေတဲ့ အဖြစ်မျိုး ပျားစားလက်(ပျားသလက်)ကို ရေဆေးလိုက်တဲ့အခါ ပျောက်ပျက်သွားသလိုမျိုး ကမောက်ကမ အဆင် မပြေဖြစ်ကာ သင်ယူတဲ့စာပေတွေ မှတ်လည်းမမှတ်မိ ရလည်းမရလွယ်နဲ့ ကြောက်ရွံ့ပြီး စာမသင်ချင်တော့တဲ့အဖြစ်မျိုး ရောက်သွားမှာစိုးလို့ ပညာကို ဖြည်းဖြည်းသင်ယူမှသာ ဖတ်လွယ် မှတ်လွယ် တတ်မြောက်လွယ်မှာပါ။

စလင်းမြို့ခံ ကိုးဆောင်ဆရာတော်ကြီးများရဲ့ သြဝါဒနဲ့ ညွှန်ကြားချက်အရ မြောင်ဦးကျောင်းမှာ သီတင်းသုံးနေတဲ့ ဦးဂုဏဝန္တ ပန်းလှွားဆရာတော်ကို ဗိမာန် ဘုံသာတိုက်အတွင်းက လေးထပ်အမြင့် ငါးဆင့်ကျောင်းတော်ကြီးကို

သီတင်းသုံးဖို့ ကျောင်းဒကာ မဟာသမန်းဘွဲ့ခံ စလင်းမြို့သူကြီး ဦးအေးက ပင့်လျှောက်တော့ ငြင်းပါသေးတယ်။ ဆရာတော်ကြီးများရဲ့ ဩဝါဒကို နာခံပြီး လက်ခံပြန်တော့လည်း ကျောင်းထိုင်ဆရာတော်က "ဝါးလုံးမြင်ပါလျက် ဝါးခြမ်းဆို ခြမ်းနိုင်ပါ့မလား၊ ဝါးခြမ်း မြင်ပါလျက် ဝါးလုံးဆို လုံးနိုင်ပါ့မလား"လို့ ကတိတောင်းတော့ ပန်းလှိုင်ဆရာတော် အလိုကျ ဖြစ်ရပါစေ့မယ်လို့ ကတိပေးမှ လက်ခံပါတယ်။

စလင်းမြို့ရဲ့ အရှေ့မြောက်အရပ်က ကြက်သားကိုင်ရွာမှာ ကျောင်းဆောက်ပြီး လောကမှန်ကင်းတိုက်ကို သံဃာလာပင့်တော့ ဒုတိယဆရာတော် ဦးဝိသုဒ္ဓက "ဒကာက ဆရာ မဖြစ်မှ သံဃာပေးနိုင်မယ်" လို့ မိန့်တော့ ဒီကတိအတိုင်း သဘောတူလို့ ကျောင်းထိုင်ဖို့ သံဃာ ပေးလိုက်ကြောင်း ရွှေမြင်တင်ဆရာတော်ကြီး အမိန့်ရှိတာ ကြားဖူးပါတယ်။

ပန်းလှိုင်ဆရာတော်ဟာ ပိဋကတ် ၃ ပုံကို သင်ရိုးကုန် တတ်မြောက်သလို အာဂုံလည်း ဆောင်နိုင်ပါသတဲ့။ ပညာရှိဟာ ကောင်းကင်ကို မော့ကြည့်ရုံနဲ့ မိုးရွာမယ် မရွာဘူး သိနိုင်သလို၊ ကြာပင်ကြာရိုးမြင်ရုံနဲ့ ရေရဲ့ အတိမ်အနက်ကို သိနိုင်သလို ဆရာတော် ရေးသားစီရင်ခဲ့တဲ့ ကျမ်းစာတွေ ကြည့်လိုက်ရင်ပဲ ဆရာတော်ဟာ ဘယ်လောက်ထိ ပိဋကတ် နှံ့စပ်ကျွမ်းကျင်ကြောင်း အထင်အရှား သက်သေခံလျက် ရှိပါတယ်။ ဆရာတော် ရေးသားစီရင်ခဲ့တဲ့ ကျမ်းများအနက် စလင်းမူ ပရိတ်ကြီး နိဿယသစ်ဆိုရင် တွံတေးမူ၊ ဝိသုဒ္ဓါရုံမူ၊ မြင်းခြံကိုးဆောင်မူ၊ အရှင်အာဒိစ္စဝံသမူ စတဲ့ မူကွဲများစွာ ရှိကြရာမှာ တစ်မျိုး တစ်ဘာသာစီ ကောင်းနေတာ တွေ့ရပါတယ်။ ဒါ့အပြင် ကုန်းဘောင်ပဉ္စမမင်းဆက် ဘိုးတော်မင်းတရားလက်ထက် သက္ကရာဇ် ၁၁၇၄ ခုနှစ်မှာ ရေးသားပြီးစီးကာ ၁၉၆၀ ခု၊ ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေတဲ့ စလင်းမူဖြစ်တဲ့ ပန်းလှိုင်ဆရာတော်ရဲ့ ပရိတ်ကြီး နိဿယဟာ နိဿယသက်သက် မဟုတ်ပါဘဲ ဝိဂြိုဟ် ဝစနတ္ထ အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ပြည့်စုံသော စာအုပ်တစ်အုပ်ဖြစ်တယ်လို့ သပြေကန် အရှင်ဝါသေဋ္ဌာဘိဝံသ ရေးသားတဲ့ ပရိတ်ကြီး နိဿယသစ် နိဒါန်းမှာ ခမ်းခမ်းနားနား ရေးသားချီးမွမ်းထားတာ တွေ့ရပါတယ်။

အစကောင်းမှ အနှောင်းသေချာ ဆိုတဲ့ မြန်မာစကားပုံမှာ တွင်တွင် ကျယ်



ကျယ်ကြီး ရှိပေတယ်။ ပန်းလှိုင်ဆရာတော်ဟာ အစကောင်းတဲ့အပြင် အနှောင်းလည်း သေချာလွန်းလှပါတယ်။ စာသင်ထွက်လာတော့ စလင်းမြို့ လက်ံတောကျောင်းတိုက်က ဆုံတားသာသနာပိုင်ဆရာတော် ဦးနန္ဒမာလာထံမှာ ပိဋကတ်ပညာများကို သင်ယူခဲ့သူဖြစ်ပြီး သူ့ရဲ့ တပည့်ရင်းဖြစ်သူမှာ ဘိုးတော်ဘုရား၊ ဘကြီးတော်ဘုရား၊ သာယာဝတီမင်းရဲ့ကိုးကွယ်မှုကို ခံယူရပြီး ၁၁၅၅ ခု၊ ဘိုးတော် ဘုရားလက်ထက် ဝါတော် ၁၀ ဝါ၊ သက်တော် ၃၀ မှာ ဝိဘင်းကျမ်းကို အာဂုံပြန်ဆိုနိုင်ပြီး (မုနိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ ရာဇာဓိရာဇဂုရု၊ မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု၊ မုနိန္ဒာဘိဝံသ သီရိပဝရာလင်္ကာရ မဟာရာဇာဓိ ရာဇဂုရု၊ မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ သီရိသဒ္ဓမ္မပါလ မဟာဓမ္မရာဇာဓိ ရာဇဂုရု) ဘွဲ့တံဆိပ်တော် လေးထပ်ရ စလင်းသာသနာပိုင်ဆရာတော် ဦးပညာသီဟခေါ် ဦးမုနိန္ဒ သာသနာပိုင် ဆရာတော်တစ်ပါးကို မွေးထုတ်ထုဆစ်နိုင်ခဲ့တဲ့ ဂုဏ်ထူးကလည်း တကယ့်အာဇာနည်တစ်ပါးဆိုတာ ထင်ရှားလှပါတယ်။

ပန်းလှိုင်ဆရာတော်ကိုယ်တိုင်လည်း ပန်းလှိုင်ဂိုဏ်းအုပ်ဖြစ်တဲ့အပြင် မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရပါ။ ပန်းလှိုင်ဆရာတော် ပျံလွန်တော်မူခဲ့တာဟာဖြင့် နှစ်ပေါင်းကြာပေမဲ့ နှစ်တွေ ဘယ်လောက် ကြာကြာ ဆရာတော်ရဲ့ နည်းနာနိဿယ၊ သူရေးသားစီရင်ခဲ့တဲ့ကျမ်းတွေနဲ့ သူ့သီလ သမာဓိ ပညာဂုဏ်၊ ဆရာတော် ရှာဖွေထွန်းညှိခဲ့တဲ့ သာသနာ့တန်ဆောင် အလင်းတွေကဖြင့် လင်းလို့ ထိန်လို့ပါ။ ကိလေသာနှောင်အိမ်မှာ အိပ်ပျော်နေသူတွေ မျက်စိလည်လမ်းမှားစမ်းတဝါးဝါးနဲ့ ခရီးသွားနေသူတွေ၊ အတ္တဆူးငြောင့် ခလုတ်ငြိသူတွေအတွက် လမ်းပြကယ်တင် သယ်ဆောင်နေတုန်းပါ။ ဆရာတော်ရဲ့ စာပေတွေက လယ်ယာ မြေကောင်းတွေပါ။

**ပန်းလှိုင်ဆရာတော် ရေးသားခဲ့တဲ့ ကျမ်းများကတော့**

(၁) အဘိဓမ္မာ သင်္ဂဟ ဒီပနီပါဌ်

(၂) ငှင်းကျမ်း နိဿယ

(၃) ခုဒ္ဒသိက္ခာ ဒီပနီပါဌ်

(၄) ငှင်းကျမ်း နိဿယ

(၅) အနေကတ္ထ ဒီပနီ

(၆) အနုဿတိ ဒီပနီ
(၇) ဂုဏ်ဝဏ္ဏ ဒီပနီ
(၈) ပရိတ်ကြီး နိဿယ တို့ ဖြစ်ပါတယ်။

[ ဦးစန္ဒိမ(စလင်း)၏ စလင်းမြို့က လင်းတဲ့အရောင်စာအုပ်မှ သူ့အရေးအသားအတိုင်း ထေရုပ္ပတ္တိအကျဉ်းကို တည်းဖြတ်၍ ဖော်ပြလိုက်ပါသည်။ ခွင့်ပြုသည့် ဆရာတော်ဦးစန္ဒိမ(စလင်း)ကို ကျေးဇူးတင်ဦးခိုက်အပ်ပါသည်။
**စာရေးသူ** ]



ကျေးဇူးတော်ရှင်

# ပန်းလှိုင်ဆရာတော်ဘုရားကြီး၏

## ဝိပဿနာရှုနည်း

### ကမ္မဋ္ဌာန်း ၂–မျိုး

မြတ်စွာဘုရားတို့သည် ဝေနေယျတို့အား ကမ္မဋ္ဌာန်းပေးတော်မူကုန်သည် ရှိသော် ရေးကလေ့လာခဲ့ဖူးသော ကမ္မဋ္ဌာန်းကို ဉာဏ်တော်ဖြင့် ကြည့်တော်မူ၍ ကမ္မဋ္ဌာန်း ပေးတော်မူကုန်မြဲဟုမှတ်အပ်ကုန်၏။

ကမ္မဋ္ဌာန်းသည် ရူပကမ္မဋ္ဌာန်း, နာမကမ္မဋ္ဌာန်းဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ရူပက္ခန္ဓာကိုစွဲ၍ စီးဖြန်းသော ကမ္မဋ္ဌာန်းသည် ရူပကမ္မဋ္ဌာန်းမည်၏။ နာမက္ခန္ဓာ လေးပါးကိုစွဲ၍ စီးဖြန်းသော ကမ္မဋ္ဌာန်းသည် နာမကမ္မဋ္ဌာန်းမည်၏။ တစ်နည်းကား သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

၁။ ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး, အနုဿတိဆယ်ပါး, ဗြဟ္မဝိဟာရ လေးပါး, အရူပါဝစရလေးပါး, အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်– ဤလေးဆယ်သည် သမထကမ္မဋ္ဌာန်းမည်၏။

၂။ ခန္ဓာငါးပါး, အာယတနတစ်ဆယ့်နှစ်ပါး, ဓာတ်တစ်ဆယ့်ရှစ်ပါးတို့တွင် တစ်ပါးပါးကို အနိစ္စ အစရှိသော လက္ခဏာရေးသို့တင်၍ စီးဖြန်းခြင်းသည် ဝိပဿနာ ကမ္မဋ္ဌာန်းမည်၏။

## ခန္ဓာ ၅–ပါး
## ဤဝိပဿနာကမ္မဋ္ဌာန်း၌ ခန္ဓာငါးပါးဟူသည်ကား

ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓောတိ။

(ဝိဘင်းပါဠိတော်)

အနက်ကား–ခန္ဓာ– ခန္ဓာတို့သည်။ ရူပက္ခန္ဓော– ရူပက္ခန္ဓာ လည်းကောင်း။ ဝေဒနာက္ခန္ဓော– ဝေဒနာက္ခန္ဓာလည်းကောင်း။ သညာက္ခန္ဓော– သညာက္ခန္ဓာ လည်းကောင်း။ သင်္ခါရက္ခန္ဓော– သင်္ခါရက္ခန္ဓာ လည်းကောင်း။ ဝိညာက္ခန္ဓော– ဝိညာဏက္ခန္ဓာလည်းကောင်း။ ။ ဣတိ– ဤသို့။ ပဉ္စ၊ ငါးပါးတို့တည်း။

### အဓိပ္ပာယ်ကား–

၁။ ပထဝီ, အာပေါ, တေဇော, ဝါယော ဟုဆိုအပ်သော မဟာဘုတ်လေးပါး၊ ဤမဟာဘုတ်လေးပါးကို မှီ၍စွဲ၍ဖြစ်သော ဥပါဒါရုပ် နှစ်ဆယ့် လေးပါး၊

ဤနှစ်ဆယ့်ရှစ်ပါးသည် ရူပက္ခန္ဓာမည်၏။

ဥပါဒါရုပ်နှစ်ဆယ့်လေးပါး ဟူသည်ကား–စက္ခုပသာဒရုပ်, သောတပသာဒရုပ်, ဃာနပသာဒရုပ်, ဇိဝှာပသာဒရုပ်, ကာယပသာဒရုပ်, ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဘာဝရုပ်နှစ်ခု, ယဒယဝတ္ထုရုပ်, ဇီဝိတိန္ဒြေရုပ်, ကဗဋီကာရအာဟာရရုပ်, အာကာသ ဓာတုရုပ်, ကာယဝိညတ္တိရုပ်, ဝစီဝိညတ္တိရုပ်, ရူပဿလဟုတာရုပ်, ရူပဿမုဒုတာရုပ်, ရူပဿကမ္မညတာရုပ်, ဥပစယရုပ်, သန္တတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ် – ဤ နှစ်ဆယ့်လေးပါးသည် ဥပါဒါရုပ်မည်၏။

၂။ စိတ် တစ်ခုယုတ်ကိုးဆယ်၌ ယှဉ်သော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။

၃။ စိတ် တစ်ခုယုတ်ကိုးဆယ်၌ ယှဉ်သော သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။

၄။ စိတ် တစ်ခုယုတ်ကိုးဆယ်၌ ယထာရဟယှဉ်သော စေတသိက် ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏။

စေတသိက်ငါးဆယ်ဟူသည်ကား–ဖဿစေတသိက်, စေတနာ စေတသိက်, ဧကဂ္ဂတာစေတသိက်, ဇီဝိတိန္ဒြေစေတသိက်, မနသိကာရ စေတသိက်, ဝိတက်စေတသိက်, ဝိစာရစေတသိက်, အဓိမောက္ခ စေတသိက်, ဝီရိယစေတသိက်, ပီတိ စေတသိက်, ဆန္ဒစေတသိက်။

မောဟစေတသိက်, အဟိရိကစေတသိက်, အနောတ္တပ္ပစေတသိက်, ဥဒ္ဓစ္စ စေတသိက်, လောဘစေတသိက်, ဒိဋ္ဌိစေတသိက်, မာနစေတသိက်, ဒေါသစေတသိက်, ဣဿာစေတသိက်, မစ္ဆရိယစေတသိက်, ကုက္ကုစ္စ စေတသိက်, ထိနစေတသိက်, မိဒ္ဓစေတသိက်, ဝိစိကိစ္ဆာစေတသိက်။

သဒ္ဓါစေတသိက်, သတိစေတသိက်, ဟိရီစေတသိက်, ဩတ္တပ္ပ စေတသိက်, အလောဘစေတသိက်, အဒေါသစေတသိက်, တတြမဇ္ဈတ္တတာ စေတသိက်, ကာယပဿဒ္ဓိ စေတသိက်, စိတ္တပဿဒ္ဓိစေတသိက်, ကာယ လဟုတာ စေတသိက်, စိတ္တလဟုတာ စေတသိက်, ကာယမုဒုတာ စေတသိက်, စိတ္တမုဒုတာစေတသိက်, ကာယကမ္မညတာ စေတသိက်, စိတ္တကမ္မညတာ စေတသိက်, ကာယပါဂုညတာစေတသိက်, စိတ္တ ပါဂုညတာစေတသိက်, ကာယုဇုကတာစေတသိက်, စိတ္တုဇုကတာ စေတသိက်။

သမ္မာဝါစာစေတသိက်, သမ္မာကမ္မန္တစေတသိက်, သမ္မာအာဇီဝ စေတသိက်, ကရုဏာစေတသိက်, မုဒိတာစေတသိက်, အမောဟ စေတသိက်– ဤငါးဆယ်သော စေတသိက်သည် သင်္ခါရက္ခန္ဓာမည်၏။

၅။ စိတ်တစ်ခုယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာမည်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်ဟူသည်ကား– ကာမာဝစရစိတ် ငါးဆယ့်လေးခု၊ ရူပါဝစရစိတ် တစ်ဆယ့်ငါးခု၊ အရူပါဝစရစိတ် တစ်ဆယ့် နှစ်ခု၊ လောကုတ္တရာစိတ်ရှစ်ခု အားဖြင့် တစ်ခုယုတ်ကိုးဆယ်ဖြစ်သတည်း၊ ကာမာဝစရစိတ် ငါးဆယ့်လေးခုဟူသည်ကား–အကုသိုလ်စိတ် တစ်ဆယ့်နှစ်ခု၊ အဟိတ်စိတ် တစ်ဆယ့်ရှစ်ခု၊ မဟာကုသိုလ်စိတ် နှစ်ဆယ့် လေးခုအားဖြင့် ငါးဆယ့်လေးခု ဖြစ်သတည်း၊ ဤသို့လျှင် ခန္ဓာငါးပါးတို့၏ အဓိပ္ပာယ်ကို သိအပ်ကုန်၏၊ မိမိကိုယ်၌ ခန္ဓာငါးပါးကို ဤသို့ရှုဆင်ခြင်အပ်၏။

### ခန္ဓာ ၅–ပါးကို ဥပမာဖြင့် ရှုပုံ

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။

မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။
(သမ္မောဟဝိနောဒနီပါဠိ)

**အနက်ကား**–ရုပ်– ရူပက္ခန္ဓာကို။ ဖေဏပိဏ္ဍူပမံ–ရေမြှုပ်ကိုကဲ့သို့။ ဒဋ္ဌဗ္ဗံ– ရှုအပ်၏။ ဝေဒနာ– ဝေဒနာက္ခန္ဓာကို။ ပုဗ္ဗုဠူပမာ။ ရေပွက်ကိုကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ သညာ–သညာက္ခန္ဓာကို။ မရီစိကူပမာ– တံလျှပ်ကဲ့သို့။ ဒဋ္ဌဗ္ဗံ– ရှုအပ်၏။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာ တို့ကို။ ကဒလူပမာ– ငှက်ပျောတုံးကိုကဲ့သို့။ ဒဋ္ဌဗ္ဗံ– ရှုအပ်ကုန်၏။ ဝိညာဏံ– ဝိညာဏက္ခန္ဓာကို။ မာယူပမဉ္စ– မျက်လှည့်သည်ကို ကဲ့သို့။ ဒဋ္ဌဗ္ဗံ– ရှုအပ်၏။ ဣတိ– ဤသို့။ အာဒိစ္စဗန္ဓုနာ– နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန– မြတ်စွာဘုရားသည်။ ပဉ္စက္ခန္ဓာ– ငါးပါးသော ခန္ဓာတို့ကို။ ဒဋ္ဌဗ္ဗတော– ရှုဆင်ခြင်သောအားဖြင့်။ ဒေသိတာ– ဟောတော်မူအပ်ကုန်၏။

## ၇–ပါးသော အနုပဿနာဉာဏ်ဖြင့် ရှုပုံ

ဤသို့ရှုဆင်ခြင်ပြီးသော် မိမိကိုယ်၌ ခန္ဓာပဉ္စကကို ခုနစ်ပါးသော အနုပဿနာ ဉာဏ်တို့ဖြင့် ရှုဆင်ခြင်အပ်၏။

**ခုနစ်ပါးသောအနုပဿနာဉာဏ်ဟူသည်ကား**–

အနိစ္စာနုပဿနာဉာဏံ၊
ဒုက္ခာနုပဿနာဉာဏံ၊
အနတ္တာနုပဿနာဉာဏံ၊
နိဗ္ဗိန္ဒာနုပဿနာဉာဏံ၊ ဝိရာဂါနုပဿနာဉာဏံ၊
နိရောဓာနုပဿနာဉာဏံ၊
ပဋိနိဿဂ္ဂါနုပဿနာဉာဏန္တိ ဣမာနိ သတ္တ
အနုပဿနာဉာဏာနိနာမ။

အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ၊
ဒုက္ခတော အနုပဿန္တော သုခသညံ ပဇဟတိ၊
အနတ္တတော အနုပဿန္တော အတ္တသညံ ပဇ
ဟတိ၊ နိဗ္ဗိန္ဒန္တော နန္ဒိံ ပဇဟတိ၊ ဝိရဇ္ဇန္တော ရာဂံ



ပဇဟတိ၊ နိရောဓေန္တော သမုဒယံ ပဇဟတိ၊
ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ။
(သမ္မောဟဝိနောဒနီပါဠိ)

**အနက်ကား**– အနိစ္စာနုပဿနာဉာဏံ– ခန္ဓာငါးပါးကို အနိစ္စဟု အဖန်တလဲလဲ ရှုသောဉာဏ်လည်းကောင်း။ ဒုက္ခာနုပဿနာဉာဏံ– ခန္ဓာ ငါးပါးကို ဒုက္ခဟု အဖန်တလဲလဲ ရှုသောဉာဏ်လည်းကောင်း။ အနတ္တာနုပဿနာဉာဏံ– ခန္ဓာငါးပါးကို အနတ္တဟု, အလိုသို့မလိုက်တတ်ဟု အဖန်တလဲလဲ ရှုတတ်သော ဉာဏ်လည်းကောင်း။ နိဗ္ဗိန္ဒာနုပဿနာ ဉာဏံ–ခန္ဓာငါးပါးကို ငြီးငွေ့သောအားဖြင့် အဖန်တလဲလဲ ရှုသောဉာဏ် လည်းကောင်း။ ဝိရာဂါနုပဿနာဉာဏံ– ခန္ဓာငါးပါး၌ တပ်ခြင်းကင်းသောအားဖြင့် အဖန်တလဲလဲ ရှုသောဉာဏ် လည်းကောင်း။ နိရောဓာ နုပဿနာဉာဏံ– ခန္ဓာငါးပါးတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို အဖန် တလဲလဲရှုသော ဉာဏ်လည်းကောင်း။ ပဋိနိဿဂ္ဂါနုပဿနာဉာဏံ– ပရိစ္စာဂ ပဋိနိဿဂ္ဂ, ပက္ခန္ဒန ပဋိနိဿဂ္ဂကို အဖန်တလဲလဲ ရှုသော ဉာဏ် လည်းကောင်း။ ဣတိ– ဤသို့။ ဣမာနိသတ္တ၊ ဤခုနစ်ပါးတို့သည် အနုပဿနာ ဉာဏာနိနာမ– အနုပဿနာဉာဏ်တို့ မည်ကုန်၏။

(ဝိပဿနာဉာဏ်သည် ပရိစ္စာဂပဋိနိဿဂ္ဂမည်၏၊ မဂ်ဉာဏ်သည်
ပက္ခန္ဒနပဋိနိဿဂ္ဂမည်၏ဟု မှတ်အပ်၏။)

ပဉ္စက္ခန္ဓေ– ငါးပါးကုန်သောခန္ဓာတို့ကို။ အနိစ္စတော– အနိစ္စဟူ၍။ အနုပဿန္တော– အဖန်တလဲလဲရှုသော ယောဂီသည်။ နိစ္စသညံ– မြဲ၏ဟူသော အမှတ်ကို။ ပဇဟတိ– စွန့်နိုင်၏။ ပဉ္စက္ခန္ဓေ– ငါးပါးသော ခန္ဓာတို့ကို။ ဒုက္ခတော – ဒုက္ခဟူ၍။ အနုပဿန္တော– အဖန်တလဲလဲရှုသော ယောဂီသည်။ သုခသညံ– ချမ်းသာ၏ဟူသော အမှတ်ကို။ ပဇဟတိ– စွန့်နိုင်၏။ ပဉ္စက္ခန္ဓေ– ငါးပါးသော ခန္ဓာတို့ကို။ အနတ္တတော– အနတ္တဟူ၍။အနုပဿန္တော– အဖန်တလဲလဲရှုသော ယောဂီသည်။ အတ္တသညံ– အလိုသို့လိုက်တတ်၏ဟူသောအမှတ်ကို။ ပဇ ဟတိ – စွန့်နိုင်၏။ နိဗ္ဗိန္ဒန္တော– ခန္ဓာငါးပါး၌ ငြီးငွေ့သော ယောဂီသည်။ နန္ဒိံ– ခန္ဓာငါးပါး၌ နှစ်သက်မြတ်နိုးခြင်းကို။ ပဇဟတိ– စွန့်နိုင်၏။ ဝိရဇ္ဇန္တော– ခန္ဓာငါးပါး၌ တပ်ခြင်းကင်းသောယောဂီသည်။ ရာဂံ– ခန္ဓာငါးပါး၌ တပ်မက်

မောခြင်းကို။ ပဇဟတိ– စွန့်နိုင်၏။ နိရောဓေန္တော– ခန္ဓာငါးပါးတို့ကို အကြွင်းမဲ့ ချုပ်စေသော ယောဂီသည်။ သမုဒယံ–ခန္ဓာငါးပါးတို့၏အကြောင်းကို။ ပဇဟတိ – စွန့်နိုင်၏။ ပဋိနိဿဇ္ဇန္တော– ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်နှင့် ပြည့်စုံသော ယောဂီသည်။ အာဒါနံ– ခန္ဓာ ပဉ္စကတည်း ဟူသောဝဋ်၌ မြဲစွာစွဲလမ်းခြင်းကို။ ပဇဟတိ – စွန့်နိုင်၏။

### ၁၈–ပါးသော မဟာဝိပဿနာဉာဏ်ဖြင့် ရှုပုံ

ဤသို့လျှင် ခုနစ်ပါးသော အနုပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ပြီးသော ဘုံသုံးပါး၌ ဖြစ်သော ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရ ခန္ဓာတို့ကို တစ်ဆယ့်ရှစ်ပါးသော မဟာဝိပဿနာပညာဖြင့် ရှုဆင်ခြင်အပ်ကုန်၏။

### တစ်ဆယ့်ရှစ်ပါးသောမဟာဝိပဿနာပညာဟူသည်ကား–

အဋ္ဌာရသမဟာဝိပဿနာ ပညာနာမ အနိစ္စာ
နုပဿနံ ဒုက္ခာနုပဿနံ အနတ္တာနုပဿနံ နိဗ္ဗိန္ဒာ
နုပဿနံ ဝိရာဂါ နုပဿနံ နိရောဓာ နုပဿနံ
ပဋိနိဿဂ္ဂါနုပဿနံ ခယာနုပဿနံ ဝယာနု
ပဿနံ ဝိပရိဏာမာနုပဿနံ အနိမိတ္တာနုပဿနံ
အပ္ပဏိဟိတာ နုပဿနံ သုညတာနုပဿနံ အဓိ
ပညာဓမ္မဝိပဿနံ ယထာဘူတ ဉာဏဒဿနံ
အာဒီနဝါနုပဿနံ ပဋိသင်္ခါနုပဿနံ ဝိဝဋ္ဋာနု
ပဿနန္တိ ဣမာသု ပဝတ္တာသု ပညာ။
(ဝိသုဒ္ဓိမဂ်ပါဠိ)

အဋ္ဌာရသမဟာဝိပဿနာပညာနာမ၊ တစ်ဆယ့်ရှစ်ပါးသော မဟာဝိပဿနာပညာတို့မည်သည်ကား။ အနိစ္စာနုပဿနံ– ခန္ဓပဉ္စကကို အနိစ္စဟု အဖန်တလဲလဲရှုခြင်းလည်းကောင်း။ ဒုက္ခာနုပဿနံ– ခန္ဓပဉ္စကကို ဒုက္ခဟူ၍ အဖန်တလဲလဲရှုခြင်းလည်းကောင်း။ အနတ္တာနုပဿနံ– ခန္ဓပဉ္စကကို အနိစ္စဟု အဖန်တလဲလဲရှုခြင်းလည်းကောင်း။ နိဗ္ဗိန္ဒာ နုပဿနံ– ခန္ဓပဉ္စကကို ငြီးငွေ့သော



အားဖြင့် အဖန်တလဲလဲရှုခြင်း၄င်း။ ဝိရာဂါနုပဿနံ– ခန္ဓပဉ္စကကို တပ်ခြင်းကင်းသောအားဖြင့် အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ နိရောဓာနုပဿနံ– ခန္ဓပဉ္စက၏ ချုပ်ရာ နိဗ္ဗာန်ကို အဖန်တလဲလဲရှုခြင်းလည်းကောင်း။

ပဋိနိဿဂ္ဂါနုပဿနံ။ ပရိစ္စာဂပဋိနိဿဂ္ဂ, ပက္ခန္ဒနပဋိနိဿဂ္ဂကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ ခယာနုပဿနံ၊ ခန္ဓပဉ္စက၏ ကုန်တတ်သောသဘောကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ ဝယာနုပဿနံ၊ခန္ဓပဉ္စက၏ ပျက်တတ်သောသဘောကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ ဝိပရိဏာမာနုပဿနံ၊ ခန္ဓပဉ္စက၏ ဖောက်ပြန် တတ်သောသဘောကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ အနိမိတ္တာ နုပဿနံ– ခန္ဓပဉ္စက၏ အတ္တနိမိတ်ကင်းသည်၌ အဖန်တလဲလဲ ရှုခြင်း လည်းကောင်း။ တစ်နည်းကား– အတ္တနိမိတ်ကင်းသော ခန္ဓပဉ္စကကို မမြဲသောအားဖြင့် အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ အပ္ပဏိဟိတာ နုပဿနံ– ရာဂ, ဒေါသ, မောဟဟူသော တောင့်တခြင်း၏ ဆန့်ကျင်ဖက်ကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ တစ်နည်းကား– ဒုက္ခသဘော သာဖြစ်၍ ရပါလို၏ဟု မတောင့်တအပ်သော ခန္ဓပဉ္စကကို အဖန်တလဲလဲ ရှုခြင်း လည်းကောင်း။

သုညတာနုပဿနံ၊ အတ္တမှဆိတ်သောခန္ဓပဉ္စကကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ တစ်နည်းကား– အနတ္တသဘောသာဖြစ်၍ အတ္တမှဆိတ်၏ဟု အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ အဓိပညာဓမ္မဝိပဿနံ၊ သင်္ခါရတို့၏ ပျက်တတ်သောသဘောကို မြင်တတ်သော အဓိပညာဖြင့် ပျက်တတ်သော သင်္ခါရဓမ္မတို့ကို အထူးသဖြင့် ရှုခြင်းလည်းကောင်း။ ယထာဘူတဉာဏဒဿနံ၊ မဖောက် မပြန် သင်္ခါရတရားတို့၏ အနိစ္စ–ဒုက္ခ–အနတ္တ သဘောကို မြင်ခြင်းလည်းကောင်း။ အာဒီနဝါနုပဿနံ၊ ခန္ဓပဉ္စက၌ အပြစ်ကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ တစ်နည်းကား– ဘဝ သုံးပါးတို့၌ အပြစ်ကို ရှုခြင်း လည်းကောင်း။ ပဋိသင်္ခါနုပဿနံ၊ ဝဋ်မှလွတ်ခြင်း၏အကြောင်းကို ပြည့်စုံစိမ့်သောငှာ မြင်အပ်ပြီးသော အပြစ်ရှိသော ခန္ဓာငါးပါးတို့၌ အဖန်တလဲလဲ သုံးသပ်တတ်သော ပဋိသင်္ခါပညာကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ ဝိဝဋ္ဋာနုပဿနံ၊ မြင်အပ်ပြီးသော အပြစ်ရှိသော ခန္ဓာငါးပါးတို့၌ လျစ်လျူရှုသည်၏ အစွမ်းအားဖြင့် ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်, သစ္စာလေးပါး အားလျော်စွာဖြစ်သော အနု

လောမဉာဏ်ဟု ဆိုအပ်သော ဝိဝဋ္ဋကို အဖန်တလဲလဲ ရှုခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာသု၊ ဤတစ်ဆယ့်ရှစ်ပါးသော အနုပဿနာတို့၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ပညာ၊ ပညာတို့သည်။ အဋ္ဌာရသမဟာဝိပဿနာပညာနာမ၊ တစ်ဆယ့်ရှစ်ပါးသော မဟာဝိပဿနာပညာတို့ မည်ကုန်၏။

(ဝိသုဒ္ဓိမဂ်ပါဠိ၏အနက်)

**မဟာဝိပဿနာ ၁၈–ပါး ပွားများရကျိုး**

ယာသု အနိစ္စာနုပဿနံ ဘာဝေန္တော နိစ္စသညံ ပဇဟတိ၊ ဒုက္ခာနုပဿနံ ဘာဝေန္တော သုခ သညံ ပဇဟတိ၊ အနတ္တာနုပဿနံ ဘာဝေန္တော အတ္တသညံပဇဟတိ၊ နိဗ္ဗိန္ဒာနုပဿနံ ဘာဝေန္တော နန္ဒိံ ပဇဟတိ၊ ဝိရာဂါနုပဿနံ ဘာဝေန္တော ရာဂံ ပဇဟတိ၊ နိရောဓာနုပဿနံ ဘာဝေန္တော သမုဒယံ ပဇဟတိ။

ပဋိနိဿဂ္ဂါနုပဿနံ ဘာဝေန္တော အာဒါနံ ပဇဟတိ၊ ခယာနုပဿနံ ဘာဝေန္တော ဃန သညံ ပဇဟတိ၊ ဝယာနု ပဿနံ ဘာဝေန္တော အာယူဟနံ ပဇဟတိ၊ ဝိပရိဏာမာနုပဿနံ ဘာဝေန္တော ဓုဝသညံ ပဇဟတိ၊ အနိမိတ္တာနုပဿနံ ဘာဝေန္တော နိမိတ္တံ ပဇဟတိ၊ အပ္ပဏိဟိတာ နုပဿနံ ဘာဝေန္တော ပဏိဓိံ ပဇဟတိ။

သုညတာနုပဿနံ ဘာဝေန္တော အတ္တာဘိ– နိဝေသံ ပဇဟတိ၊ အဓိ ပညာဓမ္မဝိပဿနံ ဘာ– ဝေန္တော သာရာဒါနာဘိနိဝေသံ ပဇဟတိ၊ ယာထာ ဘူတဉာဏဒဿနံ ဘာဝေန္တော သမ္မောဟာဘိနိဝေသံ ပဇဟတိ၊ အာဒီ နဝါနုပဿနံ ဘာဝေန္တော အာလယာဘိ နိဝေသံ ပဇဟတိ၊ ပဋိသင်္ခါနုပဿနံ ဘာဝေန္တော အပဋိသင်္ခံ ပဇ



ဟတိ၊ ဝိဝဋ္ဋာနုပဿနံ ဘာဝေန္တော သညော ဂါဘိ နိဝေသံ ပဇဟတိ။

(ဤကား တစ်ဆယ့်ရှစ်ပါးသော အနုပဿနာကို ပွားစေခြင်း၌ အကျိုး အာနိသင်တည်း၊ ဝိသုဒ္ဓိမဂ်၌ လာ၏။)

**အနက်ကား**– ယာသု– အကြင်တစ်ဆယ့်ရှစ်ပါးသော အနုပဿနာတို့တွင်။ အနိစ္စာနုပဿနံ– အနိစ္စာနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ နိစ္စသညံ– ခန္ဓပဉ္စကသည်မြဲ၏ ဟူသောအမှတ်ကို။ ပဇဟတိ– စွန့်နိုင်၏။ ဒုက္ခာနုပဿနံ– ဒုက္ခာ နုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ သုခသညံ– ခန္ဓပဉ္စကသည် သုခဖြစ်၏ဟူသော အမှတ်သညာကို။ ပဇဟတိ– စွန့်နိုင်၏။ အနတ္တာနုပဿနံ– အနတ္တာနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ အတ္တသညံ– အတ္တဟူသော အမှတ်ကို။ ပဇဟတိ– စွန့်နိုင်၏။ နိဗ္ဗိန္ဒာနုပဿနံ၊ နိဗ္ဗိန္ဒာနုပဿနာကို၊ ဘာဝေန္တော၊ ပွားစေသော ယောဂီသည်။ နန္ဒိံ – ခန္ဓပဉ္စက၌ နှစ်သက်ခြင်း, မြတ်နိုးခြင်းကို။ ပဇဟတိ– စွန့်နိုင်၏။ ဝိရာဂါနုပဿနံ– ဝိရာဂါနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ ရာဂံ– ခန္ဓပဉ္စက၌ တပ်မက်မောခြင်းကို။ ပဇဟတိ– စွန့်နိုင်၏။ နိရောဓာနုပဿနံ– နိရောဓာနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ သမုဒယံ– ခန္ဓပဉ္စက၏ အကြောင်းကို။ ပဇဟတိ– စွန့်နိုင်၏။

ပဋိနိဿဂ္ဂါနုပဿနံ– ပဋိနိဿဂ္ဂါနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ အာဒါနံ– ခန္ဓပဉ္စက၌ မြဲစွာစွဲလမ်းခြင်းကို။ ပဇဟတိ– စွန့်နိုင်၏။ ခယာနုပဿနံ– ခယာနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ ဃနသညံ– သန္တတိဃန, သမူဟဃန, ကိစ္စဃန, အာရမ္မဏဃနအားဖြင့် တခဲနက်၏အဖြစ်ကို ယူခြင်းကို။ ပဇဟတိ၊ စွန့်နိုင်၏။ ဝယာနုပဿနံ– ဝယာနုပဿနာကို။ ဘာဝေန္တော– ပွားစေသောယောဂီသည်။ အာယူဟနံ– ခန္ဓပဉ္စကကိုရခြင်းငှာ အားထုတ်တတ်သော တဏှာကို။ ပဇဟတိ– စွန့်နိုင်၏။ ဝိပရိဏာမာနုပဿနံ– ဝိပရိဏာမာနုပဿနာကို။ ဘာဝေန္တော– ပွားစေသောယောဂီသည်။ ဓုဝသညံ– ခန္ဓပဉ္စကသည် မြဲ၏ဟူသော အမှတ်ကို။ ပဇဟတိ– စွန့်နိုင်၏။ အနိမိတ္တာနုပဿနံ– အနိမိတ္တာနုပဿနာကို။ ဘာဝေန္တော–

ပွားစေသော ယောဂီသည်။ နိမိတ္တံ– အတ္တဟူသော သင်္ခါရနိမိတ်ကို။ ပဇဟတိ– စွန့်နိုင်၏။ အပ္ပဏိဟိတာနုပဿနံ– အပ္ပဏိဟိတာနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ ပဏိဓိံ– ခန္ဓပဉ္စကကို ရပါလို၏ဟု တောင့်တခြင်းကို။ ပဇဟတိ– စွန့်နိုင်၏။

သုညတာနုပဿနံ– သုညတာနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီ သည်။ အတ္တာဘိနိဝေသံ– ခန္ဓပဉ္စကကို အတ္တအားဖြင့် နှလုံးသွင်းခြင်းကို။ ပဇဟတိ– စွန့်နိုင်၏။ အဓိပညာဓမ္မဝိပဿနံ– အဓိပညာဓမ္မဝိပဿနာပညာကို။ ဘာဝေန္တော– ပွားစေသောယောဂီသည်။ သာရာဒါနာဘိနိဝေသံ– နိစ္စသာရ, ဓုဝသာရ, အတ္တသာရ အားဖြင့် စွဲလမ်းသောတဏှာနှင့်တကွသော ဒိဋ္ဌိဟူသော အဘိနိဝေသကို။ ပဇဟတိ– စွန့်နိုင်၏။ ယထာဘူတဉာဏဒဿနံ– မဖောက်မပြန်သော ဉာဏ်အမြင်ကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ သမ္မောဟာဘိနိဝေသံ– တွေဝေသောအားဖြင့် နှလုံးသွင်းခြင်းကို။ ပဇဟတိ– စွန့်နိုင်၏။ အာဒီနဝါနုပဿနံ– အာဒီနဝါနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီ သည်။ အာလယာဘိနိဝေသံ။ ဝဋ်၌တပ်သော တဏှာအားဖြင့် နှလုံးသွင်းခြင်းကို။ ပဇဟတိ– စွန့်နိုင်၏။ ပဋိသင်္ခါနုပဿနံ– ပဋိသင်္ခါနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ အပ္ပဋိသင်္ခံ– ဝဋ်ကိုမဆင်ခြင်ခြင်းကို။ ပဇဟတိ– စွန့်နိုင်၏။ ဝိဝဋ္ဋာနုပဿနံ– ဝိဝဋ္ဋာနုပဿနာကို။ ဘာဝေန္တော– ပွားစေသော ယောဂီသည်။ သညောဂါ ဘိနိဝေသံ– ဝဋ်၌ယှဉ်ခြင်းကို နှလုံးသွင်းကို။ ပဇဟတိ– စွန့်နိုင်၏။

ဤသို့လျှင် ခန္ဓာငါးပါးတို့ကို တစ်ဆယ့်ရှစ်ပါးသော အနုပဿနာ တို့ဖြင့် ပွားစေအပ်ကုန်၏။

## အနိစ္စလက္ခဏာတို့ဖြင့်ပွားပုံ

ထိုမှတစ်ပါးလည်း ခန္ဓာငါးပါးတို့ကို ငါးဆယ်သော အနိစ္စလက္ခဏာ တို့ဖြင့် ပွားစေအပ်ကုန်၏။ အဘယ်သို့ ပွားစေအပ်ကုန်သနည်းဟူမူကား–

ဧတ္ထ ဟိ ဧကေကော ခန္ဓော အနိစ္စတော–
ပလောကတော စလတော ပဘင်္ဂုတော အဓု
ဝတော ဝိပရိ ဏာမ ဓမ္မတော အသာရကတော



ဝိဘဝတော သင်္ခတတော မရဏဓမ္မတော သမ္မ
သိတဗ္ဗောတိ ဧကေကသ္မိံ ခန္ဓေ ဒသဒသ
ကတွာ ပညာသ အနိစ္စာ နုပဿနာနိ ဟောန္တိ။
(ဝိသုဒ္ဓိမဂ်၌လာ၏)

**အနက်ကား**– ဧတ္ထဟိ– ဤငါးပါးသောခန္ဓာတို့တွင်– ဧကေကော ခန္ဓော– တစ်ပါး တစ်ပါးသောခန္ဓာကို။ အနိစ္စတော– အနိစ္စအားဖြင့်။ သမ္မသိတဗ္ဗော– သုံးသပ်အပ်၏။ ပလောကတော– ဇရာ, ဗျာဓိ, မရဏတို့ဖြင့် ပျက်စီးတတ်သောအားဖြင့်လည်းကောင်း။ စလတော– လောဘ, ဒေါသ, မောဟ အစရှိသည်ဖြင့် တုန်လှုပ်တတ်သောအားဖြင့်လည်းကောင်း။ ပဘင်္ဂုတော – ဖရိုဖရဲ ပျက်စီးခြင်းသဘောသို့ ရောက်တတ်သောအားဖြင့် လည်းကောင်း။ အဓုဝတော– အမြဲမတည်သော သဘောအားဖြင့်လည်းကောင်း။ ဝိပရိဏာမဓမ္မတော– ဖောက်ပြန်တတ်သော သဘောအားဖြင့်လည်းကောင်း။ အသာရကတော၊ နိစ္စသာရ, ဓုဝသာရ, သုခသာရ, အတ္တသာရမှ ကင်းသောအားဖြင့် လည်းကောင်း။ ဝိဘဝတော– အစီးအပွားမှကင်းသောအားဖြင့် လည်းကောင်း။ သင်္ခတတော– အကြောင်းတရားတို့သည် ပြုပြင်အပ်သောအားဖြင့် လည်းကောင်း။ မရဏဓမ္မတော– သေတတ်သောအားဖြင့်လည်းကောင်း။ သမ္မ သိတဗ္ဗော– သုံးသပ်အပ်၏။ ဣတိ– ဤသို့။ ဧကေကသ္မိံ ခန္ဓေ– တစ်ပါး တစ်ပါးသောခန္ဓာ၌။ ဒသဒသ– ဆယ်ပါးဆယ်ပါးသော အနိစ္စလက္ခဏာတို့ကို။ ကတွာ– ပြု၍။ ပညာသအနိစ္စာနုပဿနာနိ– ငါးဆယ်သော အနိစ္စာနုပဿနာတို့သည်။ ဟောန္တိ – ဖြစ်ကုန်၏။

(ဤဆယ်ပုဒ်တို့ကို အနိစ္စပရိယာယ်သဒ္ဒါချည်းဟု
မှတ်အပ်ကုန်၏။)

## ဒုက္ခလက္ခဏာတို့ဖြင့်ပွားပုံ

ခန္ဓာငါးပါး၌ တစ်ရာ့နှစ်ဆယ့်ငါးပါးသော ဒုက္ခာနုပဿနာတို့သည် ဖြစ်ကုန်၏။ အဘယ်သို့ ဖြစ်ကုန်သနည်းဟူမူကား–

ပဉ္စသု ခန္ဓေသု ဧကေကော ခန္ဓော ဒုက္ခတော

ရောဂတော ဂဏ္ဍတော သလ္လတော အဃတော
အာဗာဓတော ဤတိတော ဥပဒ္ဒဝတော ဘယ
တော ဥပသဂ္ဂတော အတာဏတော အလေ
ဏတော အသရဏတော အာဒီနဝတော အဃ
မူလတော ဝဓကတော သာ သဝတော မာရာ
မိသတော ဇာတိဓမ္မ တော ဇရာဓမ္မတော
ဗျာဓိဓမ္မတော သောကဓမ္မတော ပရိဒေဝ ဓမ္မ
တော ဥပါယာသ ဓမ္မတော သံကိလေသိက ဓမ္မ
တော သမ္မသိတဗ္ဗောတိ ဧကေကသ္မိံ ခန္ဓေ ပဥ္စ
ဝီသတိ ပဥ္စဝီသတိ ကတွာ ပဥ္စဝီသတိသတံ
ဒုက္ခာနုပဿနာနိ ဟောန္တိ။

(ဝိသုဒ္ဓိမဂ်၌လာ၏)

ပဥ္စသုခန္ဓေသု– ငါးပါးသောခန္ဓာတို့တွင်။ ဧကေကောခန္ဓော– တစ်ပါးတစ်ပါးသော ခန္ဓာကို။ ဒုက္ခတော– ဒုက္ခအားဖြင့်။ သမ္မသိတဗ္ဗော– သုံးသပ်အပ်၏။ ရောဂတော– နာကျင်တတ်သောအားဖြင့်လည်းကောင်း။ ဂဏ္ဍတော– ပြည်တရွှပ်ရွှပ်ယိုသော အိုင်းအမာနှင့် တူသောအားဖြင့် လည်းကောင်း။ သလ္လတော– စူးဝင်တတ်သောငြောင့်နှင့် တူသောအားဖြင့်လည်းကောင်း။ အဃတော – အစီးအပွားမဲ့ကို ဆောင်တတ်သော မကောင်းမှုဒုစရိုက်၏ အကြောင်းအားဖြင့် လည်းကောင်း။ အာဗာဓတော– နှိပ်စက်တတ်သောအားဖြင့်လည်းကောင်း။ ဤတိတော– များစွာသော ပျက်စီးခြင်း၏အကြောင်းကို ဆောင်တတ်သောအားဖြင့် လည်းကောင်း။ ဘယတော– ခပ်သိမ်းသောဘေးတို့၏ တည်ရာအားဖြင့် လည်းကောင်း။ ဥပသဂ္ဂတော– များစွာသော အကျိုးမဲ့တို့သည် အစဉ်လိုက် အပ်သည်၏ အဖြစ်, ရာဂ–ဒေါသ–မောဟ အစရှိသော အကုသိုလ်တရားတို့နှင့် ပြည့်စုံ သည်၏ အဖြစ်အားဖြင့် လည်းကောင်း။ အတာဏတော– အပါယ်ဘေး အစရှိသည်ကို မစောင့်ရှောက်တတ်သောအားဖြင့်လည်းကောင်း။ အလေဏတော– မှီခိုပုန်းအောင်းရာ မဟုတ်သောအားဖြင့်လည်းကောင်း။ အသရဏတော– ကိုးကွယ်ရာမဟုတ်သောအားဖြင့်လည်းကောင်း။ အာဒီနဝတော– ကြီးစွာသော အပြစ်အားဖြင့်လည်းကောင်း။ အဃမူလတော– မကောင်းမှု အကုသိုလ် ဒုစရိုက်၏ မူလဖြစ်သောအားဖြင့်လည်းကောင်း။ ဝဓကတော– သူသတ်လက်မရွံ့နှင့်တူသောအားဖြင့်လည်းကောင်း။ သာသဝတော– အာသဝေါ၏ အာရုံဖြစ်သောအားဖြင့်လည်းကောင်း။ မာရာမိသတော– ကိလေသမာရ်, မစ္စုမာရ်တို့သည် စွဲလမ်းအပ်သော အားဖြင့်လည်းကောင်း။ ဇာတိဓမ္မတော– ဇာတိ သဘောရှိသောအားဖြင့်လည်းကောင်း။ ဇရာဓမ္မတော– ဇရာသဘောရှိသော အားဖြင့်လည်းကောင်း။ ဗျာဓိဓမ္မတော– ဗျာဓိသဘောရှိသောအားဖြင့် လည်းကောင်း။ သောကဓမ္မတော– သောက သဘောရှိသောအားဖြင့်လည်းကောင်း။ ပရိဒေဝဓမ္မတော– ငိုမြည်တမ်းခြင်းသဘော ရှိသောအားဖြင့်လည်းကောင်း။ ဥပါယာသ ဓမ္မတော၊ သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းသဘောရှိသော အားဖြင့် လည်းကောင်း။ သံကိလေသိက ဓမ္မတော–အကုသိုလ်ဒုစရိုက်တို့ဖြင့် ညစ်ညူးခြင်း သဘော ရှိသောအားဖြင့်လည်းကောင်း။ သမ္မသိတဗ္ဗော– သုံးသပ်အပ်၏။ ဣတိ– ဤသို့။ ဧကေကသ္မိံ ခန္ဓေ– တစ်ပါးတစ်ပါးသောခန္ဓာ၌။ ပဥ္စဝီသတိ ပဥ္စဝီသတိ– နှစ်ဆယ့်ငါးပါး, နှစ်ဆယ့်ငါးပါးတို့ကို။ ကတွာ– ပြု၍။ ပဥ္စ ဝီသတိသတံ ဒုက္ခာနုပဿနာနိ– တရားနှစ်ဆယ့်ငါးပါးကုန်သော ဒုက္ခနုပဿနာတို့သည်။ ဟောန္တိ– ဖြစ်ကုန်၏။

(ဤဒုက္ခတောအစရှိသော နှစ်ဆယ့်
ငါးပါး တို့ကို ဒုက္ခပရိယာယ်
သဒ္ဒါချည်းဟု မှတ် အပ်ကုန်၏၊
ဝိသုဒ္ဓိမဂ်၏ ပါဠိ အနက်။)



## အနတ္တလက္ခဏာတို့ဖြင့်ပွားပုံ

ခန္ဓာငါးပါးတို့၌ နှစ်ဆယ့်ငါးပါးသော အနတ္တာနုပဿနာတို့သည် ဖြစ်ကုန်၏၊ အဘယ်သို့ဖြစ်ကုန်သနည်း ဟူမူကား–

ပဥ္စသု ခန္ဓေသု ဧကေကော ခန္ဓော ပရ
တော ရိတ္တတော တုစ္ဆတော သုညတော အနတ္တ
တော သမ္မသိတဗ္ဗောတိ ဧကေကသ္မိံ ခန္ဓေ

ပဉ္စ ပဉ္စကတ္တာ ပဉ္စ ဝီသတိ အနတ္တာ နုပဿနာ
နိ ဟောန္တီ တိ ဣစ္စဿ ဣမိနာ ဒွိသတဘေဒေန
အနိစ္စာဒိသမ္မသနေန ပဉ္စက္ခန္ဓေသမ္မသတော တံ
နယဝိပဿနာသင်္ခါတံ အနိစ္စဒုက္ခ အနတ္တ သမ္မ
သနံ ထိရံ ဟောတိ။

(ဝိသုဒ္ဓိမဂ်၌လာ၏)

**အနက်ကား**–ပဉ္စသု၊ ငါးပါးကုန်သော။ ခန္ဓေသု– ခန္ဓာတို့တွင်။ ဧကေကောခန္ဓော– တစ်ပါးတစ်ပါးသောခန္ဓာကို။ ပရတော– သူစိမ်းနှင့် တူသောအားဖြင့်။ သမ္မသိတဗ္ဗော– သုံးသပ်အပ်၏။ ရိတ္တတော– ကုန်တတ်ပျက်တတ်သောအားဖြင့်လည်းကောင်း။ တုစ္ဆတော– အချည်းနှီးသောအားဖြင့် လည်းကောင်း။ သုညတော– အစိုးရခြင်း အစရှိသည်မှ ဆိတ်သောအားဖြင့် လည်းကောင်း။ အနတ္တတော– အတ္တ၏ ဆန့်ကျင်ဘက် ဖြစ်၍ အလိုသို့ မလိုက်တတ်သောအားဖြင့်လည်းကောင်း။ သမ္မသိတဗ္ဗော– သုံးသပ်အပ်၏။ ဣတိ– ဤသို့။ ဧကေကသ္မိံခန္ဓေ၊ တစ်ပါး တစ်ပါးသော ခန္ဓာ၌။ ပဉ္စပဉ္စ– ငါးပါး ငါးပါးတို့ကို။ ကတ္တာ– ပြု၍။ ပဉ္စဝီသတိအနတ္တာ နုပဿနာနိ– နှစ်ဆယ့်ငါးပါးကုန်သော အနတ္တာနုပဿနာတို့သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ဣတိ– ဤသို့။ ပဉ္စက္ခန္ဓေ– ငါးပါးသောခန္ဓာတို့ကို။ ဒွိသတဘေဒေန၊ နှစ်ရာအပြားရှိသော၊ ဣမိနာ အနိစ္စာဒိသမ္မသနေန၊ ဤအနိစ္စ အစရှိသော သုံးသပ်ခြင်းဖြင့်။ သမ္မသတော– သုံးသပ်သော။ အဿ– ထိုယောဂီအား။ နယဝိပဿနာသင်္ခါတံ– နယဝိပဿနာဟုဆိုအပ်သော။ တံအနိစ္စဒုက္ခာအနတ္တသမ္မသနံ– ထိုအနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်ခြင်းသည်။ ထိရံ– မြဲမြံခိုင်ခံ့သော ဝိပဿနာဉာဏ်သည်။ ဟောတိ– ဖြစ်၏။

ဤသို့လျှင် ခန္ဓာငါးပါးတို့၌ အနိစ္စာနုပဿနာငါးဆယ်, ဒုက္ခာနုပဿနာတစ်ရာ့နှစ်ဆယ့်ငါးပါး, အနတ္တာနုပဿနာ နှစ်ဆယ့် ငါးပါးအားဖြင့် နှစ်ရာသော အနုပဿနာ ဉာဏ်တို့သည် ဖြစ်ကုန်၏–ဟူလိုသည်။

## ခန္ဓာ ၅–ပါးတို့၏ အကြောင်းကို သိမ်းဆည်းပုံ

ထိုမှတစ်ပါး အဘိဓမ္မာဝတာရဋီကာ၌ လာသောနည်းဖြင့် ခန္ဓာငါးပါးတို့၏ အကြောင်းကို သိမ်းဆည်းသော နည်းကိုပြပေအံ့။



အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊
တဏှာ–
သမုဒယာ။လ။ ကမ္မသမုဒယော။လ။
အာဟာရ
သမုဒယာ ရူပသမုဒယော။

ဤသို့အဘိဓမ္မာဝတာရဋီကာ၌လာရကား–အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ–ဤလေးပါးသည် ရူပက္ခန္ဓာ၏ ဖြစ်ကြောင်းမည်၏၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်၌ကား–ကံ, စိတ်, ဥတု, အာဟာရ–ဤလေးပါးသည် ရူပက္ခန္ဓာ၏ ဖြစ်ကြောင်းဟုလာ၏၊ အကြောင်းလေးပါးတို့၏ ဖြစ်ရာ၌ နိဗ္ဗတ္တိလက္ခဏာ လေးပါးရ၏၊ ရူပက္ခန္ဓာ၏ နိဗ္ဗတ္တိလက္ခဏာ တစ်ပါးနှင့်သော် နိဗ္ဗတ္တိလက္ခဏာ ငါးပါးဖြစ်၏၊ အကြောင်းလေးပါးတို့၏ချုပ်ရာ၌ နိရောဓလက္ခဏာလေးပါး ရ၏၊ ရူပက္ခန္ဓာ၏ နိရောဓ လက္ခဏာတစ်ပါးနှင့်သော် နိရောဓ လက္ခဏာ ငါးပါးဖြစ်၏၊ ဤသို့လျှင် ရူပက္ခန္ဓာ၌ ဆယ်ပါးသော လက္ခဏာတို့သည် ဖြစ်ကုန်၏။

ထို့အတူ တစ်ပါးတစ်ပါးသောခန္ဓာ၌ ဆယ်ပါး ဆယ်ပါးသော လက္ခဏာတို့သည် ဖြစ်ကုန်သောကြောင့် ခန္ဓာငါးပါးတို့၌ ငါးဆယ်သော လက္ခဏာတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ၎င်းဋီကာ၌–

တထာ ဝေဒနာက္ခန္ဓာဒီနံ စတုန္နံ စတ္တာလီသ
လက္ခဏာနီတိ ဧဝံ သမပညာသ
လက္ခဏာနိ ဟောန္တိ။ ။ဟူ၍
မိန့်အပ်၏။

အဝိဇ္ဇာသမုဒယာ ဝေဒနာသမုဒယော၊
တဏှာသမုဒယာ။ လ။ ကမ္မသမုဒယာ။
လ။ ဖဿသမုဒယာ ဝေဒနာ သမု
ဒယော–

ဟု၎င်း ဋီကာလာရကား အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ– ဤလေးပါးသည် ဝေဒနာက္ခန္ဓာ၏ ဖြစ်ကြောင်းမည်၏။

ဝေဒနာက္ခန္ဓသ ဝိယ သညာသင်္ခါရဝိညာ–

ဏက္ခန္ဓာနံ၊ အယံ ပန ဝိသေသော
ဝိညာဏက္ခန္ဓဿ
ဖဿဋ္ဌာနေ နာမရူပသမုဒယာ ဝိညာဏ
သမုဒယောတိ ဝုတ္တံ–

ဟု ဋီကာလာရကား သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့၏ ဖြစ်ကြောင်းလည်း ဝေဒနာက္ခန္ဓာ နှင့်တူ၏။ ထို့ကြောင့်–

“ဖုဋ္ဌောဝေဒေတိ၊ ဖုဋ္ဌော သဉ္ဇာနာတိ၊ ဖုဋ္ဌော
စေတေတိ ဖဿပစ္စယာ ဝေဒနာ၊ စက္ခု
သမ္ဘဿဇာ ဝေဒနာ သညာ သင်္ခါရာတိ
ဝစနတော ဖဿော ဝေဒနာ သညာ
သင်္ခါရက္ခန္ဓာနံ ပဝတ္တိပစ္စယော”။–

ဟူ၍ ၎င်းဋီကာ၌လာ၏။

ဝိညာဏက္ခန္ဓာ၏ ဖြစ်ကြောင်းကား–အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ် ဤလေးပါး တည်း။ ဤသို့လျှင် ခန္ဓာငါးပါးတို့၏ အကြောင်းကို သိမ်းဆည်းအပ်၏။ အကြောင်း ဖြစ်လျှင် ဖြစ်ကုန်၏၊ အကြောင်းချုပ်လျှင် ချုပ်ကုန်၏။

## ဝေဒနာနုပဿနာရှုပုံ

ထိုမှတစ်ပါး ဝေဒနာကမ္မဋ္ဌာန်း ဟူသည်ကား သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာ ဝေဒနာ ဤဝေဒနာသုံးပါးကို အသင့်အားဖြင့် ရှုခြင်းတည်း၊ အဘယ်သို့ အသင့်အား ဖြင့် ရှုအပ်သနည်းဟူမူကား–

ယော သုခံ ဒုက္ခတော အဒ္ဒ၊ ဒုက္ခ မဒက္ခိ သလ္လတော။
အဒုက္ခ မသုခံ သန္တံ၊ အဒက္ခိ နံ အနိစ္စတော။
သ ဝေ သမ္မဒသော ဘိက္ခု၊ ဥပသန္တော စရိဿတီတိ။
(သမ္မောဟဝိနောဒနီပါဠိ။)

**အနက်ကား**–ယောဘိက္ခု– အကြင်သံသရာဘေးကို ရှုလေ့ရှိသော သူတော်ကောင်းသည်။ သုခံ–သုခဝေဒနာကို။ ဒုက္ခတော– ဒုက္ခဟူ၍။ တစ်နည်းကား–ဒုက္ခအားဖြင့်။ အဒ္ဒ– ရှု၏။ ဒုက္ခံ– ဒုက္ခဝေဒနာကို။ သလ္လတော– စူးဝင်



တတ်သောညှောင့်ဟူ၍။ တစ်နည်းကား– ညှောင့်အားဖြင့်။ အဒက္ခိ–ရှု၏။ သန္တံ – ငြိမ်သက်သော။ အဒုက္ခမသုခံ– ဥပေက္ခာ ဝေဒနာကို။ အနိစ္စတော– အနိစ္စ ဟူ၍။ တနည်းကား– အနိစ္စအားဖြင့်။ အဒက္ခိ– ရှု၏။ ဣတိ– ဤသို့။ သမ္မဒသော– အသင့်အားဖြင့်ရှုသော။ သောဘိက္ခု– ထိုသံသရာဘေးကို ရှုလေ့ရှိသော သူတော်ကောင်းသည်။ ဝေ ဧကန္တေန– စင်စစ်သဖြင့်။ ဥပသန္တော– ဝဋ္ဋဒုက္ခ၏ ငြိမ်းခြင်းသည်။ စရိဿတိ– ဖြစ်လတ္တံ့။
(အဒက္ခိ နံ ၌နံ–ကား အနက်မရှိ နိပါတ်ပုဒ်တည်း။)

**မှတ်ချက်။** ဤသို့လျှင် ခန္ဓာငါးပါးကိုစွဲ၍ စီးဖြန်းသော ဝိပဿနာ ကမ္မဋ္ဌာန်းသည်ကား အလွန်လျှင် နက်နဲကျယ်ဝန်းစွာ၏။ ယခုဆိုအပ်ခဲ့ပြီးသည်ကား အကျဉ်းမျှသာတည်း။ သည်ထက် အကျယ်ကိုလည်းကောင်း၊ အာယတန ကမ္မဋ္ဌာန်း, ဓာတုကမ္မဋ္ဌာန်း, ပဋိစ္စသမုပ္ပာဒကမ္မဋ္ဌာန်းတို့ကိုလည်းကောင်း ကမ္မ ဋ္ဌာနဒီပနီ, ပဋိစ္စသမုပ္ပာဒဒီပနီ တို့၌ ဆိုအပ်ခဲ့ပြီ၊ အလိုရှိသော သူတော်ကောင်းတို့သည် ထိုကျမ်းတို့၌ ယူအပ်ကုန်၏။

## သမထ, ဝိပဿနာပွားများရကျိုး

ဤသို့သောနည်းဖြင့် သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ပွားစေသော သူတော်ကောင်းတို့သည် အကြောင်းပါရမီ မရင့်သေး၍ ယခုဘဝ၌ပင် မဂ်, ဖိုလ် မရသေးသော်လည်း သုဂတိဘဝသို့ လားရသည်။ ဝါသနာ ဘာဂီယ ဖြစ်၍ နောက်နောက်သော မြတ်စွာဘုရားတို့၏ အထံတော်တို့၌ ကြိမ်ကြိုက် လတ်သော် ဤဝေနေယျအား အဘယ် ကမ္မဋ္ဌာန်းသည် လျောက်ပတ်မည်နည်း ဟု ဉာဏ်တော်ကွန်ရက်ကို ဖြန့်တော်မူ၍ ကြည့်တော်မူလျှင် လေ့လာခဲ့ဖူးသော ကမ္မဋ္ဌာန်းကို မြင်တော်မူ၍ ပေးတော်မူသောခဏ၌ မကြာမြင့်မီ ပဋိသမ္ဘိဒါ လေးပါး, သမာပတ်ရှစ်ပါး, အဘိညာဏ်ခြောက်ပါးနှင့်တကွ မဂ်လေးတန်, ဖိုလ် လေးတန် အစဉ်အတိုင်းကျ၍ ရဟန္တာဖြစ်ကုန်လတ္တံ့။

## မဂ်–ဖိုလ်ကျပုံအစဉ်

ဤအရာ၌ မဂ်လေးတန်, ဖိုလ်လေးတန် အစဉ်ဟူသည်ကား သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်, သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, အနာဂါမိမဂ်,

အနာဂါမိဖိုလ်, အရဟတ္တမဂ်, အရဟတ္တဖိုလ် ဤအစဉ်အတိုင်းသာဖြစ်ကုန်၏။ သောတာပတ္တိမဂ်, ဖိုလ်ကိုမရဘဲလျက် သကဒါဂါမိမဂ်, ဖိုလ်ကို ရသောသူ မည်သည် မရှိ။ သကဒါဂါမိမဂ်, ဖိုလ်ကို မရဘဲလျက် အနာဂါမိမဂ်, ဖိုလ်ကို ရသောသူမည်သည် မရှိ၊ အနာဂါမိမဂ်, ဖိုလ်ကို မရဘဲလျက် အရဟတ္တမဂ်, ဖိုလ်ကို ရသောသူမည်သည် မရှိ၊ အရဟတ္တမဂ်ဖိုလ်ကို မရဘဲလျက် ရဟန္တာ ဖြစ်သောသူ မည်သည်မရှိ၊ နိဗ္ဗာန်သို့ ရောက်သောသူမည်သည်လည်းမရှိ။

ဤသို့သောအစဉ်ကို မသိသောသူတို့သည်ကား သောတာပတ္တိမဂ်, ဖိုလ်ကိုရလျှင်ပင် နိဗ္ဗာန်သို့ရောက်၏ဟု ထင်မှတ်ကြကုန်သည်။ သောတာပတ္တိမဂ်, ဖိုလ်ကို မရသော်လည်း သကဒါဂါမိမဂ်,ဖိုလ်ကို ရ၏ဟု ထင်မှတ်ကြကုန်သည်၊ ဤသို့မမှတ်အပ်၊ အောက်မဂ်သုံးပါး, အောက်ဖိုလ် သုံးပါး အစဉ်အတိုင်း ကျပြီးမှ အရဟတ္တမဂ်, ဖိုလ်ကျသည်၊ အရဟတ္တမဂ်, ဖိုလ်ကို မရသမျှ ရဟန္တာ ဖြစ်သောသူ မည်သည် မရှိ၊ နိဗ္ဗာန်သို့ ရောက်သော သူမည်သည် မရှိဟု အမြဲ မှတ်အပ်ကုန်၏။

"နိဗ္ဗာန်သို့ ရောက်လို၏"ဟု ဆုတောင်းသောသူဟူသရွေ့သည် သာဝကဗောဓိဆုကို တောင်းသည်ချည်းပင် မည်သည်၊ သာဝကဗောဓိဆုကို မပြည့်သမျှ နိဗ္ဗာန်သို့ ရောက်သောသူ မည်သည်မရှိဟု အမြဲမှတ်အပ်ကုန်၏၊ အရဟတ္တမဂ်, ဖိုလ်သို့ ရောက်သောသူကိုသာ ရဟန္တာဟု ဆိုရသည်၊ ရဟန္တာစုတေမှ နိဗ္ဗာန်သို့ ရောက်သည်ဟု အမြဲမှတ်အပ်၏။

## မဂ် ၄–ပါး ကိလေသာပယ်ပုံ

၁။ မဂ်လေးပါးတို့တွင် သောတာပတ္တိမဂ်ဖြင့် လောဘမူ ဒိဋ္ဌိဂတ သမ္ပယုတ် စိတ်လေးခု, မောဟမူ ဝိစိကိစ္ဆာသဟဂုတ်စိတ်တစ်ခု–ဤငါးခုသော ကိလေသာတို့ကို အကြွင်းမဲ့သတ်၍ သောတာပတ္တိ ဖိုလ်၌ တည်လေ၏။

၂။ သကဒါဂါမိမဂ်ဖြင့် တစ်စုံတစ်ခုသော ကိလေသာကို အကြွင်းမဲ့ မသတ်နိုင်၊ ကာမ ရာဂ, ဗျာပါဒတို့ကိုသာ ခေါင်းပါးစေ၍ သကဒါဂါမိဖိုလ်၌ တည်လေ၏။

၃။ အနာဂါမိမဂ်ဖြင့် ဒေါသမူဒွေးဟု ဆိုအပ်သော နှစ်ပါးသော ကိလေသာကို အကြွင်းမဲ့သတ်၍ အနာဂါမိဖိုလ်၌ တည်လေ၏။



၄။ အရဟတ္တမဂ်ဖြင့် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု, မောဟမူ ဥဒ္ဒစ္စသဟ ဂုတ်စိတ်တစ်ခု–ဤငါးခုသော ကိလေသာနှင့်တကွ တစ်ထောင့်ငါးရာသော ကိလေသာတို့ကို အကြွင်းမဲ့သတ်၍ အရဟတ္တဖိုလ်၌ တည်လေ၏။ ဤပုဂ္ဂိုလ်ကို ရဟန္တာဟု ဆိုအပ်၏။

ဤအရာ၌ ဥပမာသော်ကား–ခိုးသူကြီး တစ်ကျိပ်နှစ်ယောက်ခေါင်းတည်၍ အဝင်အပါ လက်သားတစ်ထောင့်ငါးရာနှင့် ရွာ, နိဂုံး, ဇနပုဒ်, မြို့တို့ကို လည်၍ ဖျက်ဆီးလေသော် ရှင်ဘုရင်အား ကြားလျှောက်လေ၏။ ရှင်ဘုရင်လည်း ရှေးဦးစွာ–

ပဌမအမတ်ကြီးကို နောက်လိုက် အခြံအရံနှင့် ခိုးသူတို့ကို တိုက်ဖျက်လေဟု လွှတ်လိုက်လေ၏။ ပဌမအမတ်ကြီးတိုက်ဖျက်၍ ခိုးသူကြီးငါးယောက်ကို သတ်ရလေ၏။ တစ်ဖန် ကြားလျှောက်ပြန်သော် တစ်ဖန် ဒုတိယအမတ်ကြီးကို အခြံအရံနှင့် စေလွှတ်လေ၏။ ဒုတိယ အမတ်ကြီးတိုက်ဖျက်၍ နာကျင်ရုံ, ခွန်အားနည်းရုံသာ တတ်နိုင်ချေသည်။ တစ်စုံတစ်ယောက်သော ခိုးသူကြီးကို မသတ်ရချေ၊ တစ်ဖန်ကြားလျှောက် ပြန်သော် တစ်ဖန် တတိယအမတ်ကြီးကို အခြံအရံနှင့် စေလွှတ်လေ၏။ တတိယအမတ်ကြီး တိုက်ဖျက်၍ ခိုးသူကြီး နှစ်ယောက်ကို သတ်ရလေ၏။ တစ်ဖန်ကြားလျှောက်ပြန်သော် တစ်ဖန် စတုတ္ထအမတ်ကြီးကို အခြံအရံနှင့် စေလွှတ်လေ၏။ စတုတ္ထအမတ်ကြီးတိုက်ဖျက်၍ အကြွင်းခိုးသူကြီး ငါးယောက်နှင့်တကွ အဝင်အပါ လက်သား တစ်ထောင့်ငါးရာတို့ကို အကုန် သတ်ရလေလျှင် ရွာ, နိဂုံး, ဇနပုဒ်, မြို့တို့၌ ရန်ငြိမ်းလေသကဲ့သို့–

၁။ ခိုးသူကြီး တစ်ကျိပ်နှစ်ယောက်နှင့်ကား အကုသိုလ်စိတ်တစ်ဆယ့် နှစ်ခုနှင့်တူ၏။ အဝင်အပါလက်သား တစ်ထောင့်ငါးရာနှင့်ကား တစ်ထောင့်ငါးရာ ကိလေသာနှင့် တူ၏။ ရွာ, နိဂုံး, ဇနပုဒ်, မြို့နှင့်ကား ဝေနေယျသတ္တဝါတို့၏ သန္တာန်နှင့်တူ၏။ ခိုးသူတို့ တိုက်ဖျက်သည်နှင့်ကား ကိလေသာ နှိပ်စက်သည်နှင့် တူ၏။ ရှင်ဘုရင်နှင့်ကား ဘုရားသခင်နှင့်တူ၏။

၂။ ပဌမအမတ်ကြီးကား သောတာပတ္တိမဂ်နှင့်တူ၏။ အမတ်ကြီး၏ အခြံအရံနှင့်ကား ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါးနှင့်တူ၏။ ပဌမ